ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဒိုင်းလင်းအေးသာကျေးရွာ ၊ ဆောင်ဒူလာကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဒိုင်းလင်းအေးသာကျေးရွာ ၊ ဆောင်ဒူလာကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ............ ၁
ဆောင်ဒူလာကျေးရွာအုပ်စုမြေပုံ ............ ၂
ဆောင်ဒူလာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ............ ၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ............ ၄
လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ............ ၅
ကျေးရွာသမိုင်းအကျဉ်းချုပ် ............ ၆
ဥစ္စာခနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ............ ၈
ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ............ ၉
ကျား/မ ပင့်ကူအိမ် ............ ၁၀
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ............ ၁၁
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ............ ၁၂
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ............ ၁၃
ရာသီခွင်ပြ ပြက္ခဒိန် ............ ၁၄
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ............ ၁၅
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ............ ၁၆
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ............ ၁၇
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ............ ၁၈
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ............ ၂၁
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ............ ၂၂
ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4) ............ ၂၅
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ............ ၂၆
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ............ ၂၈

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




## ဆောင်ဒူလာကျေးရွာအုပ်စုမြေပုံ



## ဆောင်ဒူလာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ကွိုင်င်ရွာသစ် | ၆၉ | ၁၉၉ | ၂၀၆ | ၄၀၅ |
| ၂ | ကွိုင်င့် | ၉၀ | ၂၇၀ | ၂၅၅ | ၅၂၅ |
| ၃ | ခူးပရာပတိုင် | ၁၄၀ | ၃၈၂ | ၃၉၈ | ၇၈၀ |
| ၄ | ငံရိုး | ၆၅ | ၁၉၉ | ၁၉၇ | ၃၉၆ |
| ၅ | ဆိုဒဲခူ | ၄၆ | ၁၁၈ | ၁၂၆ | ၂၄၄ |
| ၆ | ဆီးသင့်ကုန်း | ၃၅ | ၆၅ | ၆၆ | ၁၃၁ |
| ၇ | ဒိုင်းလင်းအေးသာ | ၃၁ | ၆၅ | ၅၃ | ၁၁၈ |
| ၈ | ယူဆမူဆို | ၈၇ | ၂၉၇ | ၃၁၅ | ၆၁၂ |
| ၉ | ဆောင်ဒူလာ | ၇၁ | ၂၅၀ | ၂၁၀ | ၄၆၀ |
| ၁၀ | ဆောင်ပထန် | ၇၁ | ၁၉၃ | ၁၆၃ | ၃၅၆ |
| ၁၁ | ဒေါတဝီ | ၅၈ | ၁၄၆ | ၁၄၇ | ၂၉၃ |
| ၁၂ | အေနောင်ပုလဲ | ၇၄ | ၁၉၈ | ၂၁၀ | ၄၀၈ |
| စုစုပေါင်း | | ၈၃၇ | ၂၃၈၂ | ၂၃၄၆ | ၄၇၂၈ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၃) = (၂၁) ဦး

ဒိုင်းလင်းအေးသာကျေးရွာသည် ဆောင်ဒူလာကျေးရွာအုပ်စုအတွင်း တည်ရှိသော ကျေးရွာလေး တစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၃၄) လုံး တည်ဆောက်ထားပြီး ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ခြေပေါင်း(၃၁)လုံးသာ နေထိုင်လျှက်ရှိပါသည်။ သက်ကြီး အိမ်ခြေနှစ်စုအား အနီရောင် အဝိုင်းဖြင့် ဖော်ပြထား ပါသည်။ ကျေးရွာတစ်ခုလုံးသည် တံခွန်တိုင်ကို ကိုးကွယ်ယုံကြည်ကြပြီး လူမျိုးမှာလည်း ကယန်းလူမျိုး တစ်စုတည်းသာ နေထိုင်ကြပါသည်။

ကျေးရွာပြင်တွင် ကျောက်တောင်တည်ရှိပြီး ထိုကျောက်တောင်မှ အရင်း အမြစ်များ ထုတ်ယူ သုံးစွဲကြပါသည်။အများစုမှာ စပါးစိုက်ပျိုးခြင်း၊ မြေပဲ စိုက်ပျိုးခြင်း များဖြင့် အသက်မွေးဝမ်းကျောင်း ပြုပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် လယ်ယာပိုင်မရှိသူပိုများသဖြင့် နေ့စားလုပ်ခြင်းဖြင့် ရပ်တည်နေသူများ အဖို့ စားဝတ်နေရေး အခက်အခဲများဖြင့် ကြုံတွေ့နေရပါသည်။

ထိုကျေးရွာ၏ အရှေ့ဖက်တွင်(၄)မိုင်မြေနီကုန်းကျေးရွာ၊ တောင်ဖက်တွင် အေနောင်ပုလဲကျေးရွာ၊ အနောက်ဖက်တွင် ဆီမီးဆိုလားကျေးရွာ တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေလျှက်ရှိပြီး ကျေးရွာသည် လွိုင်ကော်-တောင်ငူ မိန်းလမ်းမကြီးပေါ်တွင် တည်ရှိ နေသဖြင့် အချက်အချာကျလာမည့် ကျေးရွာတစ်ခု ဖြစ်ပါသည်။ ကျေးရွာ၏ အနောက်မြောက်ဖက်တွင် လှပထည်ဝါစွာ တည်ဆောက်ထားသော ဘုရားကုန်းတစ်ခု ရှိပြီး စေတီပုထိုးများနှင့် တင့်တယ်လှပါသည်။ ကျေးရွာပိုင် လယ်မြေများကို ကျေးရွာ အရှေ့မြောက်ဖက်၊ အနောက်မြောက်ဖက်နှင့် အနောက်တောင်ဖက် အသီးသီးတွင် စိုက်ပျိုးထားကြောင်း တွေ့ရှိရပါသည်။

ထိုကျေးရွာသည် လွန်ခဲ့သော (၁၃) နှစ်တွင် ဒေါတဝီရွာဟောင်းမှ အချို့ အိမ်ထောင်စုများ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး လက်ရှိကျေးရွာပိုင်ဆိုင်သော အခြေခံအဆောက်အအုံများ ပိုင်ဆိုင်မှုမှာ မူကြိုကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘောလုံးကွင်း နှင့် ၂၀၁၆ ခုနှစ်၊ စီမံကိန်း စက်ဝန်းတွင် လူထုဗဟိုပြုစီမံကိန်းမှ ပံ့ပိုးတည်ဆောက် ပေးခဲ့သည့် ကျေးရွာခန်းမဆောင် တို့ပင် ဖြစ်ပါသည်။ ထိုစီမံကိန်းကို လူထုလုပ်အားဖြင့်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် အတွက် လူထုမှ ပီတိဖြစ်ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာသမိုင်းအကျဉ်းချုပ်


ဒိုင်းလင်းအေးသာကျေးရွာကျေးရွာသည် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင် ဦးထောလေ၊ ဦးနန်းစူ နှင့် ဦးသန်းစူ တို့မှ ဦးဆောင်ပြီး အိမ်ခြေ(၅)လုံးဖြင့် စတင်ထူထောင်ခဲ့ ကြပါသည်။ စတင်နေထိုင်ခဲ့သူများမှာ ဦးထောလေ၊ ဦးလိန်စူ၊ ဦးကိုရှာ၊ ဦးသောရီ နှင့် ဒေါ်ဖောထူး တို့၏ မိသားစုများ ဖြစ်ကြပါသည်။ ဒေါတဝီမှ ဒိုင်းလင်းအေးသာရွာသို့ ရွှေ့ပြောင်းချိန်တွင် စက်/ဆိုင်ကယ် တို့ မရှိသေးသဖြင့် လူစွမ်းအား၊ လှည်းဖြင့် သွားလာရ သောကြောင့် အခက်အခဲများကြုံတွေ့ရပါသည်။ ရာဟောင်းမှ ရွာသစ်သို့ ခြေဖြင့်လျှောက်လျှင် ၄၀-၄၅ မိနစ် ခန့်ဖြင့်သွားရသည်။ လှည်းဖြင့်သွားလျှင် ၁:၃၀ မိနစ်ဖြင့် သွားရသည်။

ဒိုင်းလင်းအေးသာရွာရှိ ရွာသားများသည် ဒေါ်တာဝီရွာမှာနေချိန်တွင် တံခွန်တိုင်ကို ကိုးကွယ်ခဲ့ကြပြီး ရွာပြောင်းချိန်မှစ၍ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်လာကြသည်။ အကြောင်းအရင်းမှာ ကလေးတွေက ဗုဒ္ဓဘုန်းကြီးကျောင်းတွင် ထားပြီးရင်းနှီးမှု ရရှိလာသောကြောင့် သက်ဝင်ယုံကြည်လာကြသောကြောင့်ဖြစ်သည်။

လည်းကောင်းရွာကို ရွှေ့ပြောင်းသောနှစ်တွင် မြိုင်ကြီးသူမှလာသော ဆရာတော် ဦးသုတနက ရွာအမည်ကို ဒိုင်းလင်းအေးသာ ရွာဖြင့် အမည်ပေးခဲ့ပါသည်။ လည်းကောင်းမှာ ဒိုင်း - ဖြုန်းကနဲ၊ လင်း - အလင်း၊ အေး - အေးချမ်း၊ သာ - သာယာခြင်း ဖြစ်၍ ဖြုန်းကနဲအလင်းပေါ်ထွက်လာပြီးအေးချမ်းသာယာသောကျေးရွာ ဟု အမည်ပေးရပါသည်။

ကျေးရွာကို တည်ထောင်ခဲ့ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ရွာဟောင်းတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ ကျောင်း၊ ဆေးရုံတို့နှင့် နီးလည်ရန်၊ ကျေးရွာ၏ အရင်းအမြစ်များ မြေကွက်များကို ထိန်းသိမ်းရန်ဖြစ်ပါသည်။ ယခုအချိန်တွင် ဒိုင်းလင်းအေးသာရွာကို လာ၍ နေထိုင်ခဲ့သူများမှာ အိမ်ခြေ(၂၉)လုံး အထိ ရှိပြီဖြစ်သည်။ အဓိက ကြုံတွေ့ရသော အခက်အခဲမှာ ပတ်ဝန်းကျင်၏ အနှောင့်အယှက်များ သယ်ယူပို့ဆောင်ရေး၊ ဝမ်းစာဖူလုံမှုနှင့် ပတ်သက်သော အခက်အခဲများ စသည်တို့ ဖြစ်ကြပါသည်။

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ကျေးရွာ - ဒိုင်းလင်းအေးသာ    ပါဝင်ဆွေးနွေးသူ ကျား - (၈)
အုပ်စု - ဆောင်ဒူလာ    မ - (၁၃)

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| A | နှစ်ထပ်တိုက်၊ ထော်လာဂျီ၊ ဆိုင်ကယ် (၁) စီး၊ လယ် (3) ဧက၊ ပညာရေးကို ကောင်းမွန်စွာထောက်ပံ့နိုင်၊ အလှူအတန်းပြုလုပ်နိုင် | ၁ | ၃% |
| B | တိုက်ပု / ပျဉ်ထောင်အိမ် / ထရံကာ၊ ဆိုင်ကယ် (၁) စီး၊ လယ် (1.5) ဧက၊ အလယ်တန်းထိ ပညာရေးထောက်ပံ့နိုင်၊ အလှူအတန်းပြုနိုင် | ၁၀ | ၃၂.၅% |
| C | ထရံကာအိမ်၊ လယ်/ယာပိုင်မရှိ၊ မူလတန်းထိသာ ပညာရေးထောက်ပံ့နိုင်၊ အစားအသောက်နပ်မှန်စွာစားသုံးနိုင်၊ | ၂၀ | ၆၄.၅% |
| | | ၃၁ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၃) = (၂၁) ဦး

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်


ဒိုင်းလင်းအေးသာကျေးရွာတွင်းရှိ အိမ်ခြေများ၏ စီးပွားရေးကွာခြားမှု အခြေအနေပေါ်မူတည်ပြီး စံသတ်မှတ်ချက် ပြုလုပ်ရာတွင် အဆင့် (၃) ဆင့်ဖြင့် သတ်မှတ်ထားကြပါသည်။ အဆင့် (က) တွင် နှစ်ထပ်တိုက်၊ ထော်လာဂျီ၊ ဆိုင်ကယ် (၁) စီး ၊ လယ်(၃) ဧက၊ ၄င်းတို့သားသမီးများ၏ပညာရေးကို ကောင်းမွန်စွာထောက်ပံ့နိုင်ပြီး အလှူအတန်းများ ကိုပြုလုပ်နိုင်သည့် အခြေအနေဟုသတ်မှတ်ပြီး ထိုအဆင့်တွင် အိမ်ခြေ (၁) စုသာရှိပါ သည်။

အဆင့် (ခ) ပိုင်ဆိုင်မှုအခြေအနေတွင် တိုက်ပု၊ ပျဉ်ထောင်အိမ်၊ ထရံကာ၊ ဆိုင်ကယ် (၁) စီး၊ လယ်(၁ . ၅) ဧက၊ သားသမီးများ၏ ပညာရေးကို အလယ်တန်းထိ ထောက်ပံ့နိုင်ပြီး ကျေးရွာအလှူအတန်း များတွင်လည်း တတ်အားသမျှ ပါဝင်လှူဒါန်း နိုင်သည့် အခြေအနေရှိကြောင်း သတ်မှတ်ရာတွင် အိမ်ထောင်စု (၁၀) စုခန့် ရှိကြောင်း သုံးသပ်ကြပါသည်။ ယခင်နှစ်တွင်ပြုလုပ်သော စံသတ်မှတ်ချက် ထက် အဆင့် (ခ) တွင် အိမ်ထောင်စု (၅) စု တိုးတက်လာသည်မှာ ကောင်းမွန်သောပြောင်းလဲမှု တစ်ခုဖြစ်သည် ဟု သုံးသပ်မိပါသည်။

အဆင့်(ဂ) ဟု သတ်မှတ်ထားသော အိမ်ထောင်စု (၂၀)စု မှာ ထရံကာအိမ်၊ လယ်/ယာပိုင်မရှိ၊ မူလတန်းထိသာ သားသမီးတို့၏ပညာရေးကို ထောက်ပံ့နိုင်ပြီး အစား အသောက်များကို နပ်မှန်စွာ စားသုံးနိုင်ကြောင်း သုံးသပ်ကြပါသည်။ ထိုသို့သော မိသားစု အနေဖြင့် ရပ်တည်ရန်ပိုခက်ခဲသဖြင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ၄င်းတို့၏ အရေးကို ပိုမိုထည့်သွင်းစဉ်းစားပေးခြင်းဖြင့် လူနေမှု ဘဝ ပြောင်းလဲမှု ဖြစ်လာနိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျား/မ ပင့်ကူအိမ်



ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၃) = (၂၁) ဦး

## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်


ထိုလုပ်ဆောင်ချက်၏ရည်ရွယ်ချက်ဖြစ်သည့် ကျေးရွာအတွင်းရှိအမျိုးသမီးများ၏ အခြေအနေနှင့် အဆင့်အတန်းကို ပိုမိုနားလည်စေရန် အချက်ပေါင်း (၈) ချက်ဖြင့် ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။ မိရိုးဖလာခံယူချက်အရ သားသမီးများ၏ ပညာရေး ထောက်ပံ့မှုတွင် ကျား-မတန်းတူပညာ သင်ကြားခွင့်ရရှိသဖြင့် ပညာတတ်မြောက်မှုမှာ အဆင့်တူညီပါသည်။ ထို့ပြင် ကျေးရွာတွင်းလုပ်အားခ ရရှိမှုများလည်း တန်းတူ ရရှိစေခြင်းမှာ ကောင်းမွန်သောအချက်တစ်ချက်ဖြစ်ပါသည်။ အမျိုးသမီးထုအနေဖြင့် အိမ်ရှင်မတို့ တာဝန်အတိုင်း နေ့စဉ်ဝင်ငွေရရှိအောင် တတ်စွမ်းသမျှ နေ့စားလိုက် သော်လည်း အိမ်မှုကိစ္စတွင်လည်း တာဝန်အပြည့်ယူနေရသည်ပြီး ကျေးရွာအတွက် လူပ်ရှားရာတွင်ပူးပေါင်း ပါဝင်မှုများ ပြုလုပ်ရသဖြင့်လည်း ပိုမိုဝန်ပိစေသော အရာများ ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အမျိုးသမီးများသည် ကျေးရွာတွင်းလုပ်ကိုင်ရသော အလုပ်များကို လက်လှမ်းမီသလောက်လုပ်နိုင်သော်လည်း အမျိုးသားများအနေဖြင့် ကျေးရွာပြင်ပသို့ သွားရောက်လုပ်ကိုင်နိုင်သမျှ ထိုအချက်တွင်လည်း အမျိုးသမီးများမှာ အမျိုးသား များအောက် အဆင့်အနည်းငယ်လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။ အမွေရပိုင်ခွင့်အနေဖြင့် ဓလေ့ထုံးတမ်းအရ အမျိုးသားများမှာ အိမ်ထောင်ဦးစီးဖြစ်မည့်သူ ဟု ခံယူထားသဖြင့် အမွေများအား အပြည့်အဝခွဲဝေပေးပြီး အမျိုးသမီးများအနေဖြင့် ခံစားခွင့် မရှိသေးသည်မှာ ကျား-မရေးရာ အနေဖြင့် အစွန်း ရောက်သော ခံယူမှုတစ်ချက်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ကျေးရွာတွင် လူမျိုးတစ်စုတည်းသာနေထိုင်ကြသဖြင့် အမျိုးသမီးထု၏လုံခြုံရေးမှာ စိတ်ချနိုင်ဖွယ် ရှိသော်လည်း ကျေးရွာပြင်ပတွင်လုံခြုံမှုမှာ အဆင့်အလွန် နည်းနေ သေးကြောင်း ဆွေးနွေးဖော်ထုတ်ကြပါသည်။ ကျေးရွာနှင့်ပတ်သက်သော ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးတွင် အမျိုးသမီးထု အနေဖြင့် အကြောင်းအရာ အချို့တွင် ပါဝင်ခွင့် ရခဲ့သဖြင့် အဆင့်(၃) တွင်သာရောက်ရှိနေသေး ကြောင်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ





ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၃) = (၂၁) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဒိုင်းလင်းအေးသာ ကျေးရွာနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများကို ဆွေးနွေးဖော်ထုတ်စေ ရာတွင် ကျေးရွာတွင်းရှိ အဖွဲ့အစည်းပေါင်း (၆) ဖွဲ့နှင့် ကျေးရွာပြင်ပတွင် ရပ်တည်နေသော အဖွဲ့ (၂) ဖွဲ့ကို တင်ပြခဲ့ကြပါသည်။ ကျေးရွာတွင်းရှိအဖွဲ့ (၆) ဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာမိရွာဖ၊ လူငယ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့နှင့် အန်အယ်လ်ဒီ အဖွဲ့ စသည်တို့ဖြစ်ပြီး ကျေးရွာပြင်ပအဖွဲ့ များမှာ အုပ်စု အုပ်ချုပ်ရေးမှူး နှင့် အေစီအက်ဖ်အဖွဲ့ တို့ပင်ဖြစ်ပါသည်။ မည်သည့်အဖွဲ့အစည်းမဆို ကျေးရွာလူထုနှင့် ဆက်သွယ်လိုပါက ကျေးရွာလူထုအပေါ် လွှမ်းမိုးနိုင်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီး သတင်းစကားဖြန့်ဝေခြင်း၊ အစည်းအဝေးများ ဖိတ်ခေါ် ခြင်းဖြင့်သာ စီမံကိန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားလုံးကို လုပ်ဆောင် အပြီးသတ် နိုင်ကြောင်း သုံးသပ်ဖော်ထုတ်ကြပါသည်။ ကျေးရွာအနေဖြင့် အုပ်ချုပ်ရေးမှူး၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ပါဝင်လှုပ်ရှားခြင်းသည် ကောင်းမွန်သည့် စနစ်တစ်ခုဖြစ်ကြောင်း သုံးသပ်မိပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ရာသီခွင်ပြ ပြက္ခဒိန်




ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၃) = (၂၁) ဦး

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဒိုင်းလင်းအေးသာကျေးရွာတွင် တစ်နှစ်ပတ်လုံးဖြစ်ပျက်နေသော အခြေအနေအကြောင်းအရာများကိုအချက် (၆) ချက်ဖြင့် ဖော်ထုတ်ဆွေးနွေးစေခဲ့ရာ စိုက်ပျိုးရိတ်သိမ်းချိန်ကို မေ၊ ဇွန်၊ ဇူလိုင်၊ အောက်တိုဘာ၊ နိုဝင်ဘာ နှင့် ဒီဇင်ဘာ လတို့ဖြစ်ပြီး စိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်းဖူးနှင့် မြေပဲတို့ပင်ဖြစ်ပါသည်။

ကျောက်တောင်ပေါ်တွင် တည်ထားခဲ့သောရွာဖြစ်သဖြင့် မိုးရေကိုသာ အားထား ရပြီး မိုးရာသီကုန်လွန်သွားပါက ရေရရှိရန်အလွန်ခက်ခဲ့ကြောင်း ဖော်ထုတ်ခဲ့ကြပါသည်။ ကိုးကွယ်သည့် ဘာသာမှာ တံခွန်တိုင်ဖြစ်သဖြင့် ဘာသာရေးဆိုင်ရာ ပွဲတော်များကို ဧပြီ၊ မေ နှင့် နိုဝင်ဘာလ တို့တွင် ကျင်းပကြပါသည်။ တောင်သူများ ဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရိတ်သိမ်းခြင်းမှရသည့်သီးနှံများ အပေါ်မှီခိုရောင်းချပြီး အသက်မွေးရပြီး သီးနှံချိန် ကုန်ဆုံးသည့် ဧပြီလ မှ ဇူလိုင်လ (၄) လတာ အတွင်းသည် ဝင်ငွေနည်းပါးသည့် အချိန် ဖြစ်ကြောင်း သုံးသပ် သိရှိရပါသည်။

ကျန်းမာရေးအချက်တွင် ဝမ်းပျက်ဝမ်းလျှော ဖြစ်သည့်လများမှာ မိုးဦးကျ မေလ နှင့် မိုးရွာသွန်းမှုမြင့်သည့်ဩဂုတ်လတို့တွင် အဖြစ်များကြောင်း ဆွေးနွေးကြပါသည်။ ထို့ပြင် လက်ရှိအသုံးပြုနေကြသော လမ်းအတော်များများသည် မြေသားလမ်းအဆင့် သာဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားလာရန် အခက်အခဲများစွာဖြင့် ကြုံတွေ့နေရကြောင်း သုံးသပ် ဖော်ထုတ် ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | ဖုန်း |
|---|---|---|---|---|---|
| ၁ | စီမံကိန်း အထောက်အကူပြု | ဒေါ်ခီနီးဝါ | ၃၀ | ဥက္ကဋ္ဌ | ၀၉၇၇၈၇၈၂၆၉၈ |
| ၂ | စီမံကိန်း အထောက်အကူပြု | ဦးလှစိန် | ၅၈ | ဥက္ကဋ္ဌ | |
| ၃ | ကျေးရွာစေတနာ့ ဝန်ထမ်း | မချယ်ရီမိုး | ၂၈ | အဖွဲ့ဝင် | |
| ၄ | ကျေးရွာစေတနာ့ ဝန်ထမ်း | ဦးခန်စူ | ၄၇ | အဖွဲ့ဝင် | |
| ၅ | ဝယ်ယူရေး | ဒေါ်စောမူ | ၃၇ | အဖွဲ့ဝင် | |
| ၆ | ဝယ်ယူရေး | ဦးဘန်းစေလို | - | အဖွဲ့ဝင် | |
| ၇ | ဝယ်ယူရေး | ဦးစောင်ရီရန် | ၄၀ | ခေါင်းဆောင် | ၀၉၇၈၆၄၉၇၇၆၈ |
| ၈ | လည်/ထိန်း | မောင်တူရီ | ၃၃ | ခေါင်းဆောင် | |
| ၉ | လည်/ထိန်း | ဒေါ်နှားမြာ | ၂၈ | အဖွဲ့ဝင် | |
| ၁၀ | စာရင်းကိုင် | ဒေါ်စေနဖော | ၂၂ | စာရင်းကိုင် | |
| ၁၁ | စောင့်ကြည့်ကြီးကြပ်ရေး | ဦးမိုင်းရီ | ၄၆ | ခေါင်းဆောင် | |
| ၁၂ | စောင့်ကြည့်ကြီးကြပ်ရေး | ဒေါ်မလုံးသာ | ၂၆ | အဖွဲ့ဝင် | |
| ၁၃ | အကြံပြုတိုင်ကြားရေး | မောင်မိုင်ကယ် | ၂၀ | တာဝန်ခံ | |
| ၁၄ | အကြံပြုတိုင်ကြားရေး | ဒေါ်ကောသာ | ၃၈ | တာဝန်ခံ | ၀၉၇၈၄၄၁၇၁၈၈ |
| | | | | | |
| | | | | | |



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဘန်းရီ | 09-778804129 | စော်ကေသီဖြိုး |

| | | | |
|---|---|---|---|
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆောင်ဒူလာ | ကျေးရွာ ဒိုင်းလင်းအေးသာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | 31 | ဘာသာ (၁) [illegible] | 31 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 65 | 53 |
| လူမျိုးစု (၁)------ကယန်း------ | 65 | 53 |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | | *မှတ်ချက်* | | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ    ☐ ရှိပါသည်    ရှိလျှင်ဖော်ပြပါ ------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------------------------------

(၂) -------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးဘန်းရှိ

လက်မှတ် (signature)    နေ့စွဲ 3/12/2016

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကေသီလှိုင်

လက်မှတ် (signature)    နေ့စွဲ 3/12/2016

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား  (PC-2)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီထွင် | | | | | |
| နေ့စွဲ ၃/၁၂/၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဘောင်ဒူလာ | | ကျေးရွာ ဒိုင်းလင်းအေးသာ | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂/၁၂/၁၆ | ၂/၁၂/၁၆ | ၈ | ၁၃ | ၂၁ | ကယန်း ၂၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃/၁၂/၁၆ | ၃/၁၂/၁၆ | ၈ | ၁၃ | ၂၁ | ကယန်း ၂၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၁/၁/၁၇ | ၁၁/၁/၁၇ | ၁၈ | ၁၈ | ၃၆ | ကယန်း ၃၂<br>ကယား ၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်* (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီထွန်း

နေ့စွဲ ၃ / ၀၂ / ၂၀၁၆

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု အောင်ဒွေးလာ | ကျေးရွာ ဒိုင်းလင်းအေးသာ |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းမရှိခြင်း | ၁ | စီးပွားရေးခက်ခဲ (သီးနှံဈေးမကောင်း)/ဝင်ငွေနည်းပါးခြင်း |
| ၂ | ရွာ့အနောက်မြောက်တိုက်ကြီးသွားလာရေးခက်ခဲ | ၂ | မိုးရာသီသွားလာရေးခက်ခဲခြင်း |
| ၃ | ရေမလုံလောက်ခြင်း | ၃ | မီးမရှိခြင်း |
| ၄ | မိုးတွင်းလမ်းမကောင်း | ၄ | မူကြိုကျောင်းသင်ထောက်ကူမပြည့်စုံခြင်း |
| ၅ | ဆေးပေးခန်းမရှိခြင်း | ၅ | ရေရှားပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာပိုင်စာသင်ကျောင်းရှိချင်သည် | ၁ | တစ်ပိုင်တစ်နိုင်မွေးမြူရေး ခြံရှိလာရမည်။ |
| ၂ | တံတားရှိချင်သည် | ၂ | ကျေးရွာပိုင်မူလတန်းကျောင်းရှိလာရမည်။ |
| ၃ | ရေသွယ်ပိုက်များ ထားရှိချင်သည် | ၃ | ရွာတွင်းလမ်းများ ကျောက်ချောလမ်းဖြစ်ချင်သည်။ |
| ၄ | လမ်းများကို ကျောက်ချောလမ်းဖြစ်စေချင် | ၄ | လျှပ်စစ်မီး ရရှိချင်သည်။ |
| ၅ | ဆေးပေးခန်း ဆောက်လုပ်ချင်သည် | ၅ | မူကြိုကျောင်း အိပ်ဆောင်ရှိချင်သည်။ |
| | | ၆ | ရွာတွင်းရေလှောင်ကန်များ လုံလောက်စွာရှိချင်သည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာရေချောင်းရေသွယ်ယူရေး | ကျ + မ | | |
| ၂ | မူကြိုကျောင်းပြုပြင်တိုးချဲ့ခြင်း | ကျ + မ | | |
| ၃ | ရွာတွင်းလမ်း (ကျောက်ခင်း) | ကျ + မ | | |
| ၄ | [illegible] | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] + ဓါတ်တိုင် | ကျား + မ | |
| ၂ | ဆေးပေးခန်း | ကျား + မ | |
| ၃ | တယ်လီဖုန်းတာဝါ [illegible] | မ | |
| ၄ | ကျေးရွာစာသင်ကျောင်းတည်ဆောက်ခြင်း | ကျား + မ | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---၃-၀၂-၂၀၁၆---

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်    ( ဒိုင်းလင်းအေးသာ )

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရေပိုက်ဖြင့်ရေသွယ်တန်းခြင်း | ☑ မ ☑ ကျား | | |
| | ၂ | မူကြိုကျောင်းတိုးချဲ့ပြုပြင်ခြင်း | ☑ မ ☐ ကျား | | |
| | ၃ | ကျောက်ချောလမ်း | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| | ၁ | စာသင်ကျောင်းသစ်တည်ဆောက်ခြင်း | ☑ မ ☑ ကျား | | |
| | | | ☐ မ ☐ ကျား | | |
| အခြား | ၁ | လျှပ်စစ်မီးကြိုး + မီတာတိုင် | ☑ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

# ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4)

**ပုံစံ - ခ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ဆော်ဘလူမော | |
| နေ့စွဲ ၁၁.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား ; မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆောင်ဒူလာ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဆောင်ဒူလာ | ကျေးရွာဇရပ် ဆောက် | ၇၀'×၃၀'×၁၅' | ကျေးရွာလူထု | ☐ ကျား ☐ မ ☑ ကျား+ မ | ၃၅,၀၀၀,၀၀၀ | [illegible] | | | ၂၂,၀၀၀,၀၀၀ |
| ယူဆယ်ဆို | ရွာတွင်းလမ်း ကျောက်ချော | ၁၅၀၀'×၁၂'×၄'' | 〃 | ☐ ကျား ☐ မ ☐ ကျား+ မ | ၁၂,၈၀၀,၀၀၀ | | | | ၁၂,၈၀၀,၀၀၀ |
| ဆော်ပတ္တ | စာသင်ကျောင်း ပြုပြင်ခြင်း | (၃၆၅'×၃၀')×၃ | 〃 | ☐ ကျား ☐ မ ☐ ကျား+ မ | ၁၄,၀၀၀,၀၀၀ | | | | ၁၄,၀၀၀,၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဝတျားရုံ လက်မှတ် (လက်မှတ်) ရက်စွဲ ၁၁-၁-၁၇

ဒေါ်ဘာဒွေးယာ (လက်မှတ်) ၁၁.၁.၁၇

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

(၂-၁၂-၂၀၁၆) ရက်နေ့တွင် ဆောင်ဒူလာကျေးရွာအုပ်စု၊ ဒိုင်းလင်းအေးသာ ကျေးရွာ၊ ကျေးရွာခန်းမဆောင် တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ - ကျား (၈) + မ (၁၃) = (၂၁) ဦး

ရည်ရွယ်ချက် (၁) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများ ရှင်းလင်းနိုင်ရန်

(၂) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း၊ စီမံကိန်းလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များကို သိရှိနားလည်စေရန်။

(၃) စီမံကိန်းနှင့်သက်ဆိုင်သောသူများကိုရှင်းပြနိုင်စေရန်။

(၄) စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန်။

(၅) လူမှုဆန်းစစ်ချက်များပြုလုပ်နိုင်ရန်။

ပထမအကြိမ်အစည်းအဝေးကိုမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလုစိန်မှ အဖွင့်အမှာစကား ပြောကြားခြင်း အစီအစဉ်ပင်ဖြစ်ပါသည်။ ထို့နောက် တာဝန်ကျဆရာမ ဒေါ်ကေသီလှိုင် မှ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းကို အချက် (၁၅) ချက်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တစ်ဆက်တည်းမှာပင် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း (အပိုင်း ၆ ပိုင်း နှင့် အဆင့် ၁၄ ဆင့်) ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြုလုပ်ရမည့် အစီအစဉ်အရ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစီအစဉ်ဖြစ်ပြီး ကျေးရွာအနေဖြင့် ယခင်ရွေးချယ်ထားပြီးသော စေတနာ့ဝန်ထမ်းကိုသာ ပြန်လည်အတည်ပြုသဖြင့် အသစ်ထပ်မံရွေးချယ်ရန် မလိုအပ်ချေ။ ထို့နောက် စီမံကိန်းနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ရှင်းလင်း တင်ပြပေးခဲ့ပါသည်။

ထို့နောက် လူမှုဆန်းစစ်ချက်လုပ်ဆောင်ချက်များကို ကျေးရွာလူထုနှင့်အတူ ဆန်းစစ်ဖော်ထုတ်ခဲ့ကြရာတွင် ယခင်နှစ်ပြုလုပ်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်ကို မှီငြမ်းပြီး ဖြည့်စွက်အတည်ပြုခဲ့ကြပါသည်။ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များမှာ - လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာနေကြွယ်ဝမှုသတ်မှတ်ချက်၊ ကျား-မရေးရာပိုင်ဆိုင်မှုနှင့်ထိမ်းချုပ်မှု၊ ရာသီခွင်ပြဇယားရေးဆွဲခြင်း၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအခြေပြဇယား စသည်တို့ပင်ဖြစ်ပါသည်။

ထိုအစီစဉ်များအားလုံးပြီးနောက် ပထမအကြိမ်ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၁၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

(၃-၁၂-၂၀၁၆) ရက်နေ့တွင် ဆောင်ဒူလာကျေးရွာအုပ်စု၊ ဒိုင်းလင်းအေးသာ ကျေးရွာ၊ ကျေးရွာခန်းမဆောင် တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ -  ကျား (၈) + မ (၁၃)  =  (၂၁) ဦး

ရည်ရွယ်ချက် (၁)  ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့်
(၂)  ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း။

ဒုတိယအကြိမ်အစည်းအဝေးမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ပထမအကြိမ် ကျေးရွာ အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များအား ကျေးရွာလူထုသို့ ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ထို့နောက် တာဝန်ကျ ဆရာမ ဒေါ်ကေသီလှိုင်မှ အခက်အခဲ ပြဿနာစာရင်း၊ ဦးစားပေး မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များစာရင်းကို ပြန်လည်ဖော်ထုတ် ဆွေးနွေးစေခဲ့ပါသည်။

ထို့နောက် လုပ်ငန်းရွေးချယ်အတည်ပြုခြင်းကို ကောင်းမွန်စွာ ရွေးချယ်နိုင်ရန် အကျိုးဝင်သော လုပ်ငန်း/ အကျိုးမဝင်သော လုပ်ငန်းများ ကိုရှင်းလင်းပြပေးခဲ့ပါသည်။ ထို့နောက် ဦးစားပေး အဆင့်သတ်မှတ်ခြင်းကို အတည်ပြုရွေးချယ်စေခဲ့ပါသည်။

ပြီးသည်နှင့် အကာအကွယ်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် လုပ်ငန်းဆောင်ရန် ရှောင်ရန်များကို ဆက်လက်ရှင်းပြပေးခဲ့ပါသည်။ ကော်မတီဝင်များ အပြောင်းအလဲမရှိသဖြင့် ပြန်လည်ဖွဲ့စည်းရန် မလိုအပ်ပါ။ ထို့နောက် အကြံပြုတိုင်ကြားရေး စနစ်ကို ရှင်းပြပြီး အစီအစဉ်များ အားလုံးပြီးနောက် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ<br><br>(Socila map/ Resources Map) | ၂-၁၂ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၈ | ၁၃ | ၂၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလျှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း<br><br>(Wealth Ranking) | ၂-၁၂ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၈ | ၁၃ | ၂၁ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br><br>(Access Mapping) | ၂-၁၂ ၂၀၁၇ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၈ | ၁၃ | ၂၁ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br><br>(Spider Web) | ၂-၁၂ ၂၀၁၇ | အမျိုးသားများနှင့်အမျိုးသမီးများ၊ ကျေးရွာလူထု | ၈ | ၁၃ | ၂၁ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br><br>(Venn Diagram) | ၂-၁၂ ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၁၃ | ၂၁ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂-၁၂ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၈ | ၁၃ | ၂၁ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၃ | ၂၁ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၂-၁၂ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၈ | ၁၃ | ၂၁ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၂-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၃ | ၂၁ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၃-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၃ | ၂၁ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၂-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၃ | ၂၁ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |